## ကျောက်ဖြူအထူးစီးပွားရေးဇုန်

### ၁။ တည်နေရာ

- ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်တို့တွင် တည်ရှိပါသည်။

### ၂။ နောက်ခံသမိုင်းကြောင်း

- ကျောက်ဖြူဒေသအား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးမှ ၂၃-၁၁-၂၀၁၁ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။
- ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဖွဲ့ စည်းတာဝန်ပေးအပ် ဆောင်ရွက်ခဲ့ပါသည်။
- ပထမဆင့် စိတ်ကူးစီမံချက် ရေးဆွဲသည့် လုပ်ငန်းစဉ်၊ ဒုတိယအဆင့် အကြံပေးကုမ္ပဏီတင်ဒါခေါ်ယူရွေးချယ်သည့် လုပ်ငန်းစဉ်၊ တတိယအဆင့် ရင်းနှီးတည်ဆောက်သူ တင်ဒါရွေးချယ်သည့်လုပ်ငန်းစဉ်နှင့် စတုတ္ထအဆင့် စီမံကိန်းအကောင်အထည်ဖော်ခြင်းတို့ဖြစ်ပါသည်။
- ပထမအဆင့် စိတ်ကူးစီမံချက် (Conceptual Plan)ရေးဆွဲသည့် လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအထိ Japan Development Institute (JDI) မှ ပညာရှင်များ၊ ရခိုင်ဒေသခံအများစုပါဝင်သော အကြံပေးအဖွဲ့ဝင်များနှင့် အဖွဲ့စုံပါဝင်သော အဖွဲ့များဖြင့် အကြိမ်ကြိမ် ကွင်းဆင်းလေ့လာ၍ စိတ်ကူးစီမံချက်ကို ရေးဆွဲခဲ့ပါသည်။
- ဒုတိယအဆင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူရေးနှင့် စိစစ် ရွေးချယ်ရေးကော်မတီ Bid Evaluation and Awarding Committee (BEAC) ကို နိုင်ငံတော်သမ္မတရုံး၏ ၁၇-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၁၂(၂) /၈/ သမ္မတရုံး ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး တင်ဒါခေါ်ယူခြင်းကို ၈-၉-၂၀၁၃ ရက်နေ့မှစ၍ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီ (၁၇)ခုက နည်းပညာနှင့် ငွေကြေး အဆိုပြုလွှာ

(၃၁) ခုအပေါ် စိစစ်ပြီး ၃-၃-၂၀၁၄ ရက်နေ့တွင် စင်္ကာပူနိုင်ငံ အခြေစိုက် Creative Professional Group (CPG) အကြံပေးကုမ္ပဏီကို ရွေးချယ်ခဲ့ပါသည်။

- တတိယအဆင့် ရင်းနှီးတည်ဆောက်သူ Developer ရွေးချယ်မှုကို စက်မှုစီမံကိန်း၊ ရေနက် ဆိပ်ကမ်း စီမံကိန်းနှင့် အဆင့်မြင့်အိမ်ရာ စီမံကိန်းတို့ကို သီးခြားစီခွဲလျက် ၁၄-၇-၂၀၁၄ မှ ၂၅-၈-၂၀၁၄ ထိ နိုင်ငံတကာတင်ဒါ Expression of Interest (EOI) များ ခေါ်ယူခဲ့ပြီး Request for Proposal (RFP)အဆင့် ကုမ္ပဏီ (၆)ခု ယှဉ်ပြိုင်မှုမှ ငွေကြေးပိုင်းဆိုင်ရာ အကောင်းဆုံးနှင့် အသင့်တော်ဆုံး အဆိုပြုသူ China International Trust & Investment Corporation (CITIC) ကုမ္ပဏီ အုပ်စုကို စက်မှုစီမံကိန်းနှင့် ရေနက်ဆိပ် ကမ်း စီမံကိန်းအတွက် ရွေးချယ်ခဲ့ပြီး ၃၀-၁၂-၂၀၁၅ ရက်နေ့တွင် တင်ဒါအောင်မြင်ကြောင်း ကြေညာခဲ့ပါသည်။

## ၃။ တည်ထောင်ခြင်း

- ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုခြင်း ၁၉-၁၁-၂၀၁၅
- နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း ၁-၁၂-၂၀၁၅
- ပြည်ထောင်စုလွှတ်တော်အတည်ပြုခြင်း ၂၉-၁၂-၂၀၁၅
- တည်နေရာ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း ၂၉-၁၂-၂၀၁၅
- စီမံခန့်ခွဲမှုကော်မတီဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း ၁၂-၁၀-၂၀၁၆

## ၄။ ဧရိယာ အကျယ်အဝန်း

- စက်မှုဇုန်စီမံကိန်းဧရိယာ ၂၄၄၆.၀၇ ဧက (၁၀၀၀)ဟက်တာ
- လူနေအိမ်ယာစီမံကိန်းဧရိယာ ၁၂၃၅.၃၇ ဧက (၅၀၀)ဟက်တာ
- ရေနက်ဆိပ်ကမ်းအမှတ် (၁)

  စီမံကိန်းဧရိယာ(မဒဲ) ၃၇၀.၆၆ ဧက (၁၅၀)ဟက်တာ
- ရေနက်ဆိပ်ကမ်းအမှတ် (၂)

  စီမံကိန်းဧရိယာ (ရမ်းဗြဲ) ၂၃၇.၂၂ ဧက (၉၆)ဟက်တာ

**စုစုပေါင်း** ၄၂၈၉.၃၂ ဧက (၂.၄၇ဧက = ၁ ဟက်တာ)

sezcwboffice@gmail.com